နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ

(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၈၉)

၁၃၅၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်
၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အစိုးရဆိုသည့်စကားရပ်တွင် အစိုးရလက်အောက်ရှိဦးစီးဌာန၊ ကော်ပိုရေးရှင်းနှင့် အခြားအဖွဲ့အစည်းများ ပါဝင်သည်။

အခန်း (၂)

အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ

၃။ အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းများကို အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်-

(က) ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း၊
(ခ) ကျေးရွာလူထုက စိုက်ပျိုးပြုစုသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊
(ဂ) ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူ ရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊
(ဃ) ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက် ကျောက်မျက်ရတနာပစ္စည်းများ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်း၊
(င) အစိုးရက သုတေသနပြုလုပ်ရန် သတ်မှတ်ထားသော အင်းများ၌ ငါးပုစွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊
(စ) စာတိုက်နှင့်ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်း၊
(ဆ) လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း၊
(ဇ) ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်း၊
(ဈ) အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားထုတ်လုပ်ခြင်းလုပ်ငန်း၊
(ည) သတ္တုရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်း၊
(ဋ) ဥပဒေအရ ပုဂ္ဂလိကနှင့် သမဝါယမတို့အား သတ်မှတ်ခွင့်ပြုသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ငန်းမှအပ အခြားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊

(ဍ) အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေး ဆိုင်ရာ ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း။

၄။ အစိုးရအဖွဲ့သည် ပုဒ်မ ၃ အရ အစိုးရကသာလုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုနိုင်သည်။

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၃ အရ အစိုးရကသာလုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းများ မှ ထွက်ရှိသည့် သို့မဟုတ် ထုတ်လုပ်သည့် သို့မဟုတ် ယင်းလုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်းများကို ဝယ်ယူ ခြင်း၊ ရယူခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းတို့နှင့် စပ်လျဉ်းပြီး အမိန့်ကြော်ငြာစာထုတ်ပြန်၍ စည်းကမ်းသတ်မှတ်နိုင်သည် သို့မဟုတ် တားမြစ်နိုင်သည်။

အခန်း (၃)

အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်

၆။ မည်သူမဆို ပုဒ်မ ၃ အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း များမှအပ အခြားမည်သည့်စီးပွားရေးလုပ်ငန်းကိုမဆို လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၇။ ပုဒ်မ ၆ ပါပြဋ္ဌာန်းချက်ကို မထိခိုက်စေဘဲ အစိုးရသည် ပုဒ်မ ၃ အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းများအပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ လိုအပ် သည်ဟု ယူဆပါက အခြားစီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကိုလည်း လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

အခန်း (၄)

အဖွဲ့အစည်းများ ဖွဲ့စည်းပိုင်ခွင့်

၈။ (က) အစိုးရအဖွဲ့သည် ပုဒ်မ ၃ နှင့် ပုဒ်မ ၇ ပါ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍-

(၁) တာဝန်ခံ လုပ်ကိုင်ဆောင်ရွက်မည့် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်၊

(၂) ဤဥပဒေ စတင်အာဏာတည်ချိန်တွင် ဖွဲ့စည်းပြီးဖြစ်သည့် အဖွဲ့အစည်းများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းပြီး ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြင်ဆင်သတ်မှတ်ပေးနိုင်သည်။

(၃) လိုအပ်ပါက ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ အဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အဖွဲ့အစည်း တစ်ခု သို့မဟုတ် အများကိုဖွဲ့စည်းပြီး ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေး နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် အဖွဲ့အစည်းအသီးသီးသည် ကိုယ်ပိုင်အမည်နှင့်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့်ရှိစေရမည်။

အခန်း (၅)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၉။ မည်သူမဆို ပုဒ်မ ၃ အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့အပြင် ထိုသူ၏ စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း နိုင်သည်။

၁၀။ မည်သူမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ အရ ထုတ်ပြန်ထားသောအမိန့် သို့မဟုတ် စည်းကမ်းသတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ် အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အခန်း (၆)

အထွေထွေ

၁၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့က လည်းကောင်း၊ လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများကလည်းကောင်း၊ ထုတ်ပြန် နိုင်သည်။

၁၂။ ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။